# လရောင်ကျေးရင့်

အဏ္ဍမော်



# အခန်း (၁)

ရန်ကုန်မြို့ကြီးတွေမှာ မြင်ရသည့် ဝရန်တာ နှစ်ဆင့်ခံ နှစ်ထပ်တိုက်ပုံနှင့် ခေတ်မီထည်ဝါသော အတွင်းပိုင်း ဆက်တင် အခမ်းအနားမျိုးကို မိုးကုတ်မြို့မှာ ဒီတစ်နေရာပဲ မြင်ရသည် ။

ဒါက "ပန်းရတု" စံအိမ်ကြီးပဲ ဖြစ်လေသည် ။

ညှော့ခန်းကို စတင်ချဉ်းနင်းပြီဆိုကတည်းက မြက်ခင်းစိမ်းတို့ ဖြန့်ကြက်နေတာမျိုး၊ မြစိမ်း ရောင် မွေးပွကော်ဇော၏ နူးညံ့အေးချမ်းမှုက ဆီးကြို နှုတ်ဆက်၏။

"လာပါ မမေ ...၊ ထိုင်ပါ ..."

"လာပါ ...၊ ဝင်ခဲ့ပါ ..."

ဆီးကြိုဖော်တော့ ရသည် ။ ဒါပေမဲ့ ဆိုဖာပေါ် ခြေချိတ်ထိုင်နေရာက နည်းနည်းမှ ကိုယ်ကို မရွှေ့။

အပျိုကြီးသုံးယောက်အနက် စိန်ကိုမှ နှစ်သက်သော အကြီးဆုံး အပျိုကြီး မနွေမုတ်သုံက ငါးပိရောင်ဝတ်စုံနှင့် အလယ်မှာ ဖြစ်ကာ ...

ဒုတိယညီမ မိုးဂိမာန်မှာ အနီရောင်ဝတ်စုံနှင့် ဖြစ်၏။ သူမကတော့ ပတ္တမြားကို ကြိုက်သည် ဟု သတင်းကြီးခဲ့သည် ။

အငယ်မလေးဖြစ်သည့် ဆောင်းဝဿန်ကိုတော့ မတွေ့သေးပါ။

သူမကတော့ ညီအစ်မသုံးယောက်ထဲမှာ ချောတာလှတာ နာမည်ကျော် မဟုတ်ခဲ့လို့ ထင် သည် ။

သူမ ဘာကိုနှစ်သက်သည် ဆိုတာလည်း ကျော်ကြားမှုတစ်ခုအဖြစ် မရှိခဲ့ပါ။ လင်မယား နှစ်ယောက် မျက်လုံးထဲ ဝင်လာသမျှကို ဝေ့ပတ်ကြည့်လိုက်ပြီး ထိုင်ပါ ပြောသည့်နေရာမှာ ပဲ ထိုင် လိုက်ကြ၏။

နံရံတွေမှာ ထိပ်ဖျားကနေ အောက်ဖျားထိ ခပ်အိအိတွဲကျနေသော နံရံလိုက်ကာတွေကို ငုံ့ ကြည့်၍ ဒေါ်မေကောင်းကင် သဘောကျမိသည် ။

တကယ်ဆို ဒီက အပျိုကြီးသုံးယောက်က သူမထက် အများကြီးတော့ မငယ်ပါ ...၊ မတိမ်း မယိမ်း အသက်တွေပဲ ဖြစ်၏။

ဒါပေမဲ့ မိုးကုတ်မှာ လူတိုင်းမနေနိုင်သော စည်းစိမ်အဆောင်အယောင်မျိုးနှင့် နေမထိ၊ လမထိနေတတ်သော ညီအစ်မတွေက အပျိုကြီးတွေလည်း ဖြစ်နေပြန်၏။

အကြီးဆုံး အစ်ကိုကြီးဆိုတာက ကျောက်တွင်းလုပ်ငန်းတွေကို ခိုင်မြဲအောင် ပခုံးထမ်းခဲ့ပြီးမှ နိုင်ငံခြားကို ထွက်သွားခဲ့သည် ။ အဲဒီကနေ ပို့နေတဲ့ ငွေတွေကလည်း တစ်လတစ်လ နည်းလို့ လား ...၊ အပျိုကြီးဖြစ်ရတာကို အားမကျပေမဲ့ ဒီလိုတစ်ပင်တိုင်မြနန်းနှင့် နေရတာမျိုးကိုတော့ အားကျမိ တာ အမှန်ပင် ...။

တွက်ကြည့်ရင် အခြေအနေချင်းကလည်း ကွာပါသည် ။ ကိုယ့်ဝန်းကျင်မှာ ကိုယ်က သူဌေး ပေမဲ့ ဒီထဲကိုရောက်တော့ နတ်သမီးနှင့် စောင်းအိုလုလင်လို ခံစားမိခဲ့၏။

"သားရေးသမီးရေး ပြောရအောင်" ဆိုပြီး အခေါ်လွှတ်လို့ လာခဲ့ကြပေမဲ့ လက်ထပ်ပေးရ အောင်ပါလို့ ပြောလာမှာ မဟုတ်တာက

သေချာပြီးသား ...။

ဒါကြောင့် စိတ်ဝင်စားလွန်းလို့ ထလာခဲ့ကြတာ ဖြစ်သည် ။

"နေ့လယ်က ဆောင်း ရောက်လာလို့ လေ ...၊ အဲဒါကို စိတ်ဝင်စားတာနဲ့ လာခဲ့ကြတာ ..."

"ဟုတ်တယ် ...၊ အရေးတကြီး ပြောစရာရှိလို့ ခေါ်ခိုင်းလိုက်တာ"

"အပွန်း ... သားရေးသမီးရေးဆိုတော့ သားလေးက မန္တလေး ရောက်နေတယ် မနွေ့ရဲ့ ..."

"ဟင် ...၊ ဘာ ...၊ အို ... မလိုဘူး ...၊ မလိုဘူး ...၊ ကောင်လေးနဲ့ မဆိုင်ဘူးနော် ..."

"ရှင် ..."

"သားရေးသမီးရေးဆိုတာက တခြားကိစ္စပါ၊ သူတို့ ကို လက်ထပ်ပေးဖို့ မဟုတ်ဘူး "

"အဲဒါပြောတာပဲ နွေ့ ...၊ နင်ကိုက စကားပြောတာ မဟုတ်တာ၊ အပြောအဆိုတွေမှားပြီး ကလေးက နစ်နာဦးမယ်"

ဘာစကားတွေလဲ ...၊ ဒေါ်မေကောင်းကင် မျက်မှောင်ကြုတ်ကာ ယောက်ျားဖြစ်သူကို ပြန်ငဲ့ ကြည့်၏။ ဦးဟံရှင်လည်း နားလည်သေးပုံ မရပါ ...။

ကလေးချင်းကိစ္စလို့ ပြောဖြစ်လာတာက ကိုယ့်မှာ သားတစ်ယောက်ရှိကာ သူမတို့ မှာ လည်း နိုင်ငံခြား ထွက်သွားသည့် အစ်ကိုအကြီးဆုံး ဦးရတုကျော်၏ တစ်ဦးတည်းသော သမီးလေး တစ်ယောက် ရှိနေ၍ ဖြစ်သည် ။

ဒါဆို သားရေးသမီးရေးဆိုတာ ဘာလဲ …၊ ကိုယ့်သားက သူတို့ တူမကို မဖွယ်မရာ စနောက် သွားခဲ့လို့ လား …၊ ဒါက မဖြစ်နိုင်ပေ …။

သားက ကျောက်တွင်းလုပ်ငန်းတွေကို သိပ်စိတ်မဝင်စားသလို ရန်ကုန်မှာ ပဲ အခြေချချင်တဲ့ သူ …။ မန္တလေးမှာ လည်း သူ့သူငယ်ချင်း မိတ်ဆွေတွေ အနှံ့အပြားရှိလျက် လုပ်ငန်းတွေတောင် ထူထောင်ထားသေးတာ …။

ပိုသေချာတာက မိုးကုတ်ကိုလာဖို့ ခုမှ ခေါ်ထားရတာ …၊ ရောက်တောင်မလာသေးပေ။

"ဒါဆို ပြောပါဦး …၊ ကောင်လေးက ဘယ်မှာ လဲ …"

"ဟင် …"

ခုနကတော့ တစ်မျိုး …၊ ဦးဟံရှင် မျက်မှောင်ကြုတ်သွားပြီး မဖြေဘဲ နေမှ ဒေါ်မေကောင်း ကင်က …

"သားက မိုးကုတ်မှာ သိပ်မနေပါဘူး၊ ရန်ကုန်မှာ ကော … မန္တလေးမှာ ကော သူ အင်တာနက် ဆိုင်တွေ ဖွင့်ထားတယ်လေ …၊ သူ့အပေါင်းအသင်းတွေကလဲ များမှ များကိုး …၊ မိုးကုတ်ကို တစ်ခါ တလေပဲ ရောက်လာတတ်တာ …"

နွေနှင့်မိုး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

"ကျွန်မတို့ သိထားတဲ့ မှတ်တမ်းဆိုတဲ့ ကောင်လေးက ဒီလိုမဟုတ်ပါဘူး …"

"ဟုတ်ပါတယ် …၊ ကျောင်းပြီးသွားမှ ပြန်မလာတော့တာ၊ သားက မိုးကုတ်မှာ မပျော်ဘူး မနွေရဲ့ …၊ လုပ်ငန်းတွေထဲမှာ ဇောက်ချပြီး လူရုပ်မပေါ်ဘူးတဲ့ …၊ တကယ့်မြို့ကြီးတွေမှာ ပဲ နေချင် တာတဲ့ ၊ သူက

ကျောက်တွင်းလုပ်ငန်းတွေကို စိတ်မဝင်စားဘူး"

"ကျွန်မတို့ က သူ စိတ်ဝင်စားတဲ့ အရာကို သိချင်လို့ မေးနေတာ မဟုတ်ဘူး မမေ ...၊ လိုအပ်လို့ ပါ ...၊ နင် ပြောမလား ..."

ပြောနေရင်း မိုးကို လှည့်မေး၏။ မိုးက မေးဆတ်ပြကာ ...

"ပြောလိုက်ပါ ...၊ နင်ပဲ ..."

ညီအစ်မနှစ်ယောက်ကိုကြည့်၍ ဦးဟံရှင် နည်းနည်းတော့ စိတ်တိုချင်၏။

ပြောစရာရှိတာကို ခေါ်ပြောသည် ။

လူတွေရောက်နေတာတောင် ကောင်းကင်မှာ တကျ်ချိတ်နေတဲ့ မျက်နှာတွေနှင့် လူကို စီးမိုး ကြည့်ပြီး ကြီးကြီးကျယ်ကျယ်ပုံတွေနဲ့ ...။

"ပြောရမှာ မျက်နှာတော့ ပူတယ် ...၊ နားနဲ့ မနာ ဖဝါးနဲ့ နာပါ ...၊ နောက်တစ်ခုက ဒီကိစ္စကြီး ကို ဖွင့်ပြောရပြီးမှ မမေတို့ ဘက်က "ဟင့်အင်း" လုပ်လို့ မရဘူး"

မြတ်စွာဘုရား  ... သူတို့ တူမ ဟိုဟာဒီဟာဖြစ်တာကိုများ သားကို တာဝန်ယူခိုင်းမှာ လား ...။ ဒေါ်မေကောင်းကင် စတင် ရင်ပူခြင်းတွေ ဖြစ်ခဲ့၏။

ကြီးပွားချမ်းသာကြတာချင်း အတူတူပဲကို ကိုယ်တွေက စီးပွားရေးထဲမှာ ပဲ နှစ်ထားခဲ့သည် ။ သူမတို့ က လူယုံတွေ အမြောက်အမြားနှင့် ထိန်းချုပ်ပြီး ရွှေရွှေလှလှလေး နေနိုင်သည် ။

ကိုယ်တွေက ကိုယ့်လက်ထက်ကျမှ အရှိန်အဟု န်မြင့်အောင် ရုန်းကန်ကြိုးစားရသလောက် သူမတို့ ကတော့ မိဘဘိုးဘွားလက်ထက်ကတ

ည်းက မိုးကောင်း၊ မိုးညှင်း စသည့် နယ်ပယ် အနှံ့ အပြားမှာ လုပ်ငန်းတွေက အကြီးအကျယ် ...။

ချမ်းသာပုံချင်း မတူတာဟာ အဲဒီလိုနည်းတွေနဲ့ ကွဲလွဲသွားတာ ဖြစ်သည် ။ ထို့ပြင် လွန်ခဲ့ သည့် ငါးနှစ်ခန့်က ဒေါ်မေကောင်းကင်တို့ ရဲ့ လူးကျင်းတစ်ကျင်း ပြိုကျခဲ့၏။

အဲဒီမှာ လူသုံးယောက် တွင်းပိ သေဆုံးခဲ့သည် ။ သားရော ...၊ ယောက်ျားရော အနားမှာ ရှိမနေကြသဖြင့် ဒေါ်မေကောင်းကင် သေမှုသတ်မှုတွေ ကြားထဲမှာ သွေးပျက်မတတ် ရှိခဲ့သည် ။

ထိုအချိန်မှာ "ပန်းရတု" က သုံးရာသီ ညီအစ်မ၏ စောင်မ ကြည့်ရှုခြင်းတွေ အများကြီး ရခဲ့သည် မို့ မကြာခင်မှာ အားလုံး အဆင်ပြေသွားခဲ့၏။

ကျေးဇူးဆိုတာလည်း အဲဒီမှာ ပိုမိုများ ပြားသွားခဲ့တာ ဖြစ်သည် ။

တစ်ခုခုများ ပြောလာလျှင်ဆိုသည့် အတွေးနှင့် ကျေးဇူးမကင်းခဲ့တာတွေကို စီရီတွေးကာ ဒေါ်မေကောင်းကင် တံတွေး မျိုချတာတောင် အာခေါင်တွေ နာသွား၏။

ကူညီပါဆိုရင် ဘယ်လိုကိစ္စဖြစ်ဖြစ် ငြင်းရခက်မှာ ပါ ...။

"မမေ ... ပြောပါဦး ...၊ အဲဒီကိစ္စ ဘယ်လိုလဲ ..."

နွေ ပြန်မေးတာကို နားထဲမှာ အကျယ်ကြီး ကြားလိုက်ရသလိုပင် ...။

"ဩော် ... ပြောပါ မနွေ ...၊ ဘာမှန်းမသိတော့ ကျွန်မ ..."

"သားရေးသမီးရေးနဲ့ ပတ်သက်တာပါ၊ ကျွန်မတို့ က စပြောရပြီဆို

တော့ မမေတို့ က ငြင်းသွား တယ်ဆိုရင် ..."

" မဟုတ်ဘူး လေဗျာ ...၊ တစ်ယောက်နဲ့ တစ်ယောက် ထောက်ထား ရမှာ တွေ့ရှိတာ မှန်ပါ တယ်၊ ဒါပေမဲ့ သားကို အသေခံဖုံးကိုင်ပြီး ရှေ့တန်းကို ထွက်ခိုင်းတာမျိုးကျတော့ ဘယ်လက်ခံနိုင် မလဲ ...၊ ဘာကိစ္စ ဆိုတာတော့ အရင်သိရမှ ဖြစ်မှာ ပေါ့"

"အဲဒါနဲ့ ဘာမှ မဆိုင်ဘူး ...၊ ကြိုပြောလို့ လဲ မဖြစ်ဘူး ...၊ ဘယ်သူမှ မနစ်နာတဲ့ ကိစ္စမျိုးမို့ ကျွန်မ ပြောနေတာ ...၊ ဒါပေမဲ့ အပြောမတော်ရင် ကျွန်မတို့ နစ်နာမှာ ...၊ ဒါကြောင့်ပါ"

တောင်းပန်တာလား ...၊ အမိန့်ပေးတာလားမသိ။ နွေ့မျက်နှာက မနာခံရင် ခေါင်းဖြတ်သတ် တော့မလိုလို ...။

ဒေါ်မေကောင်းကင်က ယောက်ျားဖြစ်သူကို အသာနေဖို့ မျက်လုံးနှင့် လှည့်သတိပေး၏။ ဦးဟံရှင်က မကျေလည်ချင် ...။

ဒီမိန်းမကိုက သုံးရာသီ ညီအစ်မတွေဆို ပြားပြားဝပ်ချင်နေတာဟု တွေးမိနေ၏။

အိမ်မှာ များ အဲဒီလိုပြောမိရင် မမေတို့ ပြန်အော်ပါလိမ့်မည်။

"အမှုအခင်းဆို မေက တအားကြောက်တာ ရှင်သိသားနဲ့ ...၊ ရှင်တို့ မရှိတုန်းမှာ မေ့ကို ဘာမှ လိုလေသေးမရှိ ကူညီခဲ့ကြတာ သိရဲ့ လား၊ သူတို့ ပုံစံတွေက ခက်ထန်ပေမဲ့ စိတ်ရင်းကောင်းရှိ တယ်" လို့ သူတွေးနေတဲ့ အတိုင်း ဒေါ်မေကောင်းကင်က ခေါင်းညိတ်လိုက်ပါပြီ ...။

"ဟုတ်ပါပြီ ...၊ ပြောပါ မနွေ ...၊ ကျွန်မတို့ အတတ်နိုင်ဆုံး ကြည့်ဖြူမှာ ပါ"

နွေက ကျေနပ်သွားသည့် မျက်နှာနှင့် ခပ်မြိန့်မြိန့် ပြုံး၏။

သုံးရာသီမှာ နွေက အတွက်ပိုသည် ထင်၏။ ပြောရင်ရမှ ...၊ ပြိုင်ပြီဆို နိုင်မှ ...။

မိုးကတော့ သူမလောက် မပြင်းထန်ပေမဲ့ ...

"နွေ ပြော လိုက်လေ ...၊ လိုရင်းကို ရှင်းရှင်းပဲပြော ...၊ မရှုပ်နဲ့ ..."

ဟု သံပြတ်နှင့် ဝင်ပြော၏။

"ဟုတ်တယ် ...၊ ရှင်းရှင်းပြောမှ ဖြစ်တော့မှာ ...၊ ဒီလိုပါ ... ကျွန်မတို့ ရဲ့ ကလေးနှစ်ယောက် ကို ..."

အားတင်းလိုက်ပုံရပေမဲ့ နွေ စကားမဆက်နိုင် ဖြစ်သွားပြန်သည် ။

"ကဲ ... မိုးပဲ ပြောတော့မယ်၊ ဒီလို မမေ ...၊ မှတ်တမ်းကို ကျွန်မတို့က သဘောကျတယ်၊ မိဘမျိုးရိုး၊ စာရိတ္တ အားလုံးပေါ့နော် ...၊ ဒါပေမဲ့ အခု ရန်ကုန်မှာ ပဲနေတာဆိုတော့ ..."

"အို ...၊ သားလေးက ခုချိန်ထိ မိန်းမသနာနဲ့ ပတ်သက်ပြီး အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိခဲ့ပါဘူး မိုးရယ် ... သူ စိတ်ဝင်စားနေတာက စီးပွားရေးပါပဲ ...၊ ပြောစရာရှိတာကို စိတ်သန့်သန့်နဲ့ သာ ပြောပါ"

"ကျွန်မတို့ လဲ တွေးမိပါတယ်၊ ဒီကလေးရဲ့ ငယ်ကျင့်ကိုကော ...၊ ဗီဇသန္ဓေစိတ်ကအစ မျက်စိအောက်မှာ မြင်တွေ့ခဲ့တာပဲ"

"ဟုတ်ကဲ့ ..."

"ဒါပေမဲ့ သားရေးသမီးရေးဆိုတာ ကလေးနှစ်ယောက်ကို လက်ထပ်ပေးမှာ မဟုတ်ဘူး ..."

"ဒါဆို ဘာများ လဲ ...၊ ပြောပါ ..."

"မပေါင်းသင်းကြတဲ့ လက်ထပ်ခြင်းပေါ့နော် ...၊ ကျွန်မတို့ က ကျွန်

မတို့ ရဲ့ တူမလေးကို ဘယ်သူစိမ်းတစ်ရံဆံ လက်ထဲကိုမှ ထည့်မပေးလိုက်နိုင်ဘူး ...၊ ဥပမာ အိမ်ထောင်ချပေးတာမျိုးပါ၊ အဲ ... ဒါပေမဲ့ အားလုံး အိမ်ထောင်မပြုကြရင် မျိုးဆက်တုံးသွားမှာ က ရှိသေးတယ်"

"ဟုတ်ကဲ့ ..."

"ခုနကပြောတဲ့ ပေါင်းသင်းခွင့်မရှိတဲ့ လက်ထပ်ခြင်းနဲ့ ...၊ မှတ်တမ်းနဲ့ ကလေးကို လက်ထပ်ပေးချင်တယ်၊ ခုခေတ် ထွန်းကားနေတဲ့ ဆေးပညာတွေ အကူအညီနဲ့ ပေါ့ ..."

"ဟာဗျာ ...၊ ဒါတွေ တကယ်လုပ်ကြရင် မြန်မာနိုင်ငံမှာ ..."

"မဟုတ်ပါဘူး ...၊ ကျွန်မတို့ တွေ ကိုယ့်ကလေးကိုယ်ခေါ်ပြီး နိုင်ငံခြားကို ထွက်ကြမှာ ပါ ..."

"ဟင် ..."

"နိုင်ငံခြားမှာ ..."

လင်မယားနှစ်ယောက် ငိုင်သွား၏။

"ဝိုင့်ကို ကိုယ်ဝန်ယူခိုင်းမယ် ...၊ ဟုတ်လား မိုး ..."

"ဟုတ်တယ် မမေ ...၊ ဒါကြောင့် ဒါကိုမပြောခင် သဘောတူပြီးသားဖြစ်နေချင်တာ၊ ဒီကိစ္စ ကလေးချင်း လုံးဝ ပေးမသိရဘူး၊ နောက်ဆုံး ကာယကံရှင်တွေ ကိုယ်တိုင် သူတို့ ကို နိုင်ငံခြားကိုခေါ် ပြီး ဆေးစစ်တာတွေ ...၊ သန္ဓေရနိုင် မရနိုင် စမ်းသပ်တာတွေ ဘာလုပ်လုပ် ...၊ စမ်းသပ်တာကို စမ်းသပ်တာလို့ ပဲ မြင်ရမယ်၊ ဘာကိစ္စဆိုတာ မသိစေချင်ဘူး"

"ဒါ ... လွယ်ပါ့မလား မိုးရယ် ..."

"ဘာလို့ မလွယ်ရမှာ လဲ ...၊ မမေတို့ မဖုံးဖိနိုင်တော့ရင်တောင် မှတ်

တမ်းနဲ့ ဝိုင် ပတ်သက်နေ တယ်ဆိုတာ မှတ်တမ်း မသိရင်ရပြီ"

နွေ့က ဝင်ပြောပြီး သူတို့ မျက်နှာတွေကို စိုက်ကြည့်သည် ။

"ကျွန်မတို့ ဘက်က ကျွန်မတို့ ကလေး မသိဖို့ နည်းမျိုးစုံနဲ့ ထိန်းချုပ်ထားမှာ ...၊ မမေတို့ ဘက်ကစပြီး ပေါက်ကြားသွားရင်တော့ ..."

"နေဦး နွေ့ ...၊ ဒီနေရာမှာ ငါတို့ ပေးနိုင်တဲ့ အပိုင်းကို အရင်ပြောရမယ် ..."

မိုးက ကိုယ်ကို ရှေ့ကို အနည်းငယ်ကိုင်းလိုက်ကာ ...

"ဒီလုပ်ငန်းအတွက် မမေတို့ ကို ကျွန်မတို့ က အဆမတန် များ ပြားတဲ့ ငွေအမောင့်ကို ပံ့ပေးမှာ ..."

"အို ... ကျွန်မတို့ ငွေမလိုပါဘူး ...၊ ဘာလုပ်ဖို့ လဲ ..."

"သိပါတယ် ...၊ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ချည်နှောင်ထားဖို့ က ဒါပဲရှိတာ၊ ဒီငွေ က မမေတို့ ပါးစပ်လုံနေသရွေ့ ငွေသေပဲ ...၊ ပေါက်ကြားသွားတဲ့ တစ်နေ့မှာ ငွေရဲ့ သုံးဆကို ပြန်လျော် ရမယ် ...၊ ဒါကို စာချုပ်စာတမ်းအရ ချေးငွေသဘောနဲ့ ချုပ်မှာ ..."

"နေပါဦး မနွေ့ ...၊ တွက်ကြည့်လိုက်တော့ ကျွန်မတို့ က မလိုအပ်ဘဲ ဒီငွေကို လက်ခံထားပြီး တစ်ခုခု ချွတ်ချော်လို့ ဒီသတင်းပေါက်သွားရင် မနစ်နာလွန်းဘူးလား"

"ချွတ်ချော်စရာ မရှိပါဘူး ...၊ ဒါကိုသိထားတာ မမေတို့ လင်မယားပဲလေ ..."

"ဘယ်ဟုတ်မလဲဗျာ ..."

"ဘာလို့ မဟုတ်ရမှာ လဲ ...၊ ပါးစပ်တွေကို ပိတ်ထားလိုက်ရင် ရပြီ၊

ဘုရင်ကို ဖွဲ့ထမင်းကျွေး ခဲ့တဲ့ တောထဲက သစ်ခုတ်သမားလို ပြောစရာ လူမရှိတော့ သစ်ခေါင်းထဲဝင်ပြောတာမျိုး ...၊ မမျို မသိပ်နိုင်ဖြစ်နေရင် တော့ ..."

"အဲဒီ ဥပမာကိုပဲ ကြည့်ပါဦး၊ သူများကို မပြောရဲလို့ "ဘုရင်ကြီးဖွဲ့ စား" ဆိုပြီး သစ်ခေါင်းထဲ ဝင် ပြောလိုက်တာပဲ၊ ဒါပေမဲ့ အဲဒီသစ်ပင်ကို လှဲပြီး နန်းတော်မှာ စည်ကြီးလုပ်လိုက်တော့ တီးလိုက်တာ စည်သံမထွ က်ဘဲ "ဘုရင်ကြီး ဖွဲ့စား" လို့ ထမြည်တယ်လေ ...၊ ဒါ တစ်စုံတစ်ယော က်ကို ပြောမိတာ မဟုတ်ဘဲ ...၊ ကံတရားက ဖြစ်သွားတာ ..."

"ဆုပ်ကိုင်မပြနိုင်တဲ့ ပုံပြင်တွေပါရှင် ...၊ ကျွန်မကတော့ ရေဘူးပေါ က်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တာ ...၊ ဒါ မပြောဘဲနေရင် ဘာ မှ မဖြစ်ဘူးလေ၊ ငွေကို လိုချင်သည် ဖြစ်စေ ...၊ မလိုချင်သည် ဖြစ်စေ ... နှုတ်လုံပေးရတဲ့ အမှုလေးနဲ့ ပဲ နောက်ထပ် ရှင်တို့ နှစ်ဆ၊ သုံးဆ ချမ်း သာ သွားမယ်၊ ဘယ်လို ဥပါဒ်ဆိုးကျိုးမှ လဲ ဖြစ်လာမှာ မဟုတ်ဘူး ၊ ကို ယ့်ရဲ့ စောင့်ထိန်းနိုင်မှုကို ဒီလောက် လေးတောင် မယုံကြည်ဘူးလား ... "

နွေ့က စကားကြွယ်သည် ။

မျက်နှာထားက ပြင်းထန်၏။ တစ်ယောက်နှင့်တစ်ယောက် ဒီလို အ မိန့်ပေးရလောက်အောင် ချည်နှောင်ဖိစီးထားကြတာ မရှိဘဲ ပြောလည်း ပြောထွက်ပါ၏။

ဒါပေမဲ့ ဒေါ်မေကောင်းကင်က ဦးဟံရှင်ကို တစ်ချက်ပဲ ငဲ့ကြည့်ကာ ...

"ကောင်းပြီလေ ...၊ ကျွန်မတို့ သဘောတူတယ် ...၊ သားကို ခေါ်လို က်ရမှာ လား ...၊ သား ရောက်လာမှ လား ..."

"နိုင်ငံခြားသွားကြဖို့ ကျွန်မတို့ စီစဉ်မယ် ...၊ ပြီးရင် အကြောင်းကြားမယ်လေ၊ ဒီကထွက်ကြပြီး ပြန်လာကြတဲ့ အထိ ကလေးတွေ မသိစေရဘူးနော် ...၊ ပြောချင်တာက သူတို့ နိုင်ငံခြား အတူတူ ထွက်ခဲ့ကြတဲ့ အကြောင်း ..."

"သိပြီ ...၊ ကျွန်မတို့ ဘက်က နှုတ်လုံဖို့ ကတိပေးတယ်"

"ဒါဆိုရင် စာချုပ်က ခုပဲ ချုပ်ကြမယ် ...၊ လက်မှတ်ထိုးပြီးတာနဲ့ စာချုပ်ထဲက ငွေပမာဏ အတိုင်း အိမ်ကိုရောက်နေပြီးသား ဖြစ်ရမယ်"

"တစ်ခု ပြောချင်သေးတယ် မနွေ ..."

"အင်း ...၊ ပြောလေ ..."

"မပြေးသော် ကန်ရာရှိပေ့ါနော် ...၊ ဟိုရောက်မှ သားက သန္ဓေသား မရနိုင်တဲ့ ယောက်ျားမျိုး ဖြစ်နေခဲ့ရင် ဒီစာချုပ်က ..."

"မပူပါနဲ့ ...၊ အားလုံးကို သေချာထည့်ချုပ်ပြီးသား၊ သူ့အဆင့်နဲ့ သူ အကုန်လုံးပါမယ်၊ အထူး ပြောချင်တာက မမေတို့ တစ်ဖက်သတ် နစ်နာသွားစေတာ ဘာမှ ထည့်မထားဘူး၊ အကြောင်းတစ်ခုခု နဲ့ ဖိစီးလွှမ်းမိုးဖို့ မပါဘူး၊ ယုံပါ ..."

ဒေါ်မေကောင်းကင် ခေါင်းညိတ်လိုက်စဉ်မှာ မိုးက စာချုပ်နှစ်စောင်ကို ရှေ့မှာ ချပေး၏။ "ပန်းရတု" စံအိမ်ကြီးရဲ့ မျိုးဆက်သစ် လှုပ်ရှားရေး က သည် မှာ စတင်လေသည် ။

ထို့နောက် လများ မကြာမီမှာ တမာဝိုင်ဆိုသည့် ကောင်မလေးနှင့် မှတ်တမ်းဆိုသော ကောင်လေး၏ ဖူးစာလမ်းဆုံကတော့ ...။

* * *

## အခန်း (၂)

တောလမ်းကိုကြည့်ရင်း ဝိုင် ပျော်သွားသည် ။ ဟိုအရင် ငယ်ငယ်က ပဲ ဒီနားထိ ရောက်ဖူး သည် ။ အဲဒီတုန်းက ဖေဖေနှင့်လာလို့ ရောက်ဖူး တာ ဖြစ်သည် ။

အဘွားက မန္တလေးမှာ ပဲနေတာမို့ မိုးကုတ်ကို ရောက်လာရင် ခဏပဲ နေရသည် ။ ကျောက် တွင်းတွေရှိတဲ့ ဘက်ကို ခြေဦးတောင် မလှည့်ရ ဘူးဆိုတော့ ခဏခဏ ရောက်တာပဲရှိသည် ။ ဝိုင် အပျို ကြီးဖားဖား ဖြစ် တဲ့ အထိ ဆိုင်ကယ်လေး ဟိုလျှောက်စီး ဟိုသွားဒီလာ ပါပဲ ...။

"ဝိုင် ...၊ ဘယ်လဲ ..."

"ဒီနားပဲ အန်တီ ..."

တောထဲဝင်မှာ လားဆိုသည့် နားမလည်သည့်အကြည့်နှင့် သမင်လ ည်ပြန် ကြည့်ရင်း ဒေါ်စိမ်း ဆိုသည့် အမျိုးသမီး ဝိုင့်ကို ဖြတ်ကျော် လွန်မြောက်သွား၏။

ဝိုင် ပခုံးလေးတွန့်၍ ဆိုင်ကယ်ဝင်လို့ ရသည့်နေရာထိ ဆိုင်ကယ်ကို မောင်းဝင်ခဲ့သည် ။ ပြီးတော့ ဟဲလ်မက်ကို ဖြုတ်၍ လက်ကိုင်မှာ ချိတ် ထားလိုက်၏။

ဂျာကင်အဖြူလေး၏ အိတ်ထဲမှာ အသေးစား လောက်လေးခွတစ်လ က် ပါတာကို ထုတ်ကာ လက်ထဲမှာ အကျအန ကိုင်ထားလိုက်သည် ။

ဟိုဘက် ကုန်းမြင့် ချိုင့်ဝှမ်းကြီးတွေရှိတဲ့ အထိတော့ မသွားရဲပါ။ တောက နေပြောက်မထိုးသာ အောင် နက်တာမျိုးမဟုတ်ဘဲ အရိပ်ကောင်းတဲ့ နေရာလည်း မရှိ ...။

ထို့ပြင် လမ်းရယ်လို့ လည်း သတ်သတ်မှတ်မှတ် မရှိပြန် ...။

ဘာပဲဖြစ်ဖြစ် လူသူတစ်ယောက်မျှမရှိဘဲ ကျေးငှက်သာရကာတို့ ၏ ရှားပါးစွာ အော်သံကြားရ တာလေးက နားထဲမှာ ချိုအီနေသည် ။

"ဒီနားတစ်ဝိုက်မှာ ဒီလောက် ဖောက်ခွဲနေကြတာ၊ ကျေးငှက်သာရကာ အသံလည်း မကြားရပါဘူး"

လို့ အန်တီမိုး ပြောဖူးတော့ ကြားနေရသည့် အသံရှင်ငှက်တို့ ကိုတောင် မြင်အောင် သေချာ လိုက်ရှာမိသေးသည် ။ ပြီးတော့ လောက်လေးတဆဆလုပ်ရင်း ရှေ့ကို လှမ်းသည့်ခြေလှမ်းက နှေးကျ သွား၏။

ငှက်လေးတွေကို ချစ်သည် ...၊ သတ်ချင်စားချင်လို့ လည်း မဟုတ်၊ သို့သော် "ကိုယ့်လက် ဘယ်လောက်တည့်သလဲ" ဆိုတာတော့ မြည်းစမ်းချင်၏။ တစ်နည်းအားဖြင့် ကြွားချင်တာပါ ...။

အဒေါ်သုံးယောက်ထဲမှာ ဝိုင် ဘာလုပ်လုပ် ဖေဖေးမမ အမြဲရှိတတ်သူက အန်တီဆောင်း ...၊ အဒေါ်အငယ်ဆုံးဖြစ်ကာ အန်တီနွေတို့ ဆူပူပြောဆိုတိုင်းလည်း ဘယ်တော့မှ လိုက်မဆူ။ မွေးနေ့ လက်ဆောင်ဆိုလည်း ဝိုင် ဘယ်ရောက်နေနေ မပျက်မကွက် ရောက်အောင် ပို့ပေးသည် ။

အခု လေးခွဆွဲပြီး ဆွဲထွက်လာတော့လည်း မြင်လျက်နှင့် မမြင်သလို နေလိုက်တာ ဝိုင် မသိဘဲ နေမလား ...။

"ဟော ..."

ရှေ့မှာ ချုံပုတ်လေး လှုပ်စိလှုပ်စိနှင့် ...။

ခြေထောက်တွေက အလိုလိုနေရင်း သတိဆွဲပြီးသား ဖြစ်သွားသည်။ ပြီးတော့ လောက်လေးကို ကျကျနန ဆွဲချိန်လိုက်၏။ မျက်လုံးတစ်ဖက်မှိတ်ကာ ချုံပုတ်ထဲက သားကောင်၏ တည်ရှိရာကို စူးစိုက်ရှာတော့ အဖြူရောင် အကွက်ရိပ်တို့ ကို မြင်သဖြင့် ယုန်ပဲဆိုတာ တပ်အပ်သိလိုက်သည်။

ထို့ကြောင့် ...

"ဟိတ် ..."

"ဟာ ... သွားပြီ ..."

လက်ကို တစ်ယောက်က ပင့်ရိုက်ပစ်လိုက်သောကြောင့် လောက်စာလုံးက လွတ်ထွက်သွား ပေမဲ့ ပစ်မှတ်၏ အပေါ်ကနေ ကျော်ထွက်သွား၏။

"တောက် ..."

ဝိုင် ဒေါသခြောင်းခြောင်းထွက်ကာ ...

"နင် ဘာလုပ်တာလဲ ..."

"မင်းကရော ဘာလုပ်တာလဲ ..."

"ပစ်နေတာလေ၊ နင့်ပထွေးကို ပစ်နေတာ ...၊ ချုံထဲမှာ နင့်ပထွေး ...၊ ဟင် ..."

လက်ညှိုးက ဒေါနှင့်မောနှင့် တန်းခနဲ ညွှန်လိုက်သော်လည်း ချုံထဲကနေ ကုန်းကွထွက်လာ တာက မုတ်ဆိတ်မွေးတွေ ဗရပျစ်နှင့် လူသန်ကြီး ဦးတာတေ ...။

ဒီလူကြီးက သွက်သွက်ခါ ရူးနေတာပါ။ ပြီးတော့ လူလေးယောက်ထိုင် စားပွဲအကောင်းတစ် လုံးလုံးကို လက်နဲ့ ပဲ တစ်စစီဖြုတ်ဖျက်ပစ်နိုင်တာ ...၊ ဘာအကူနှင့်မှ ထုနှက်ရိုက်ချိုးတာ မဟုတ် ...။

"ကောင်စုတ်မလေး ... ငါ့ကိုများ ပထွေးတော်ချင်သေးတယ် ... မိန်းမဆို သိုင်းကားတောင် မှ မိန်းမပါရင် မကြည့်ဘူး၊ ထွီ ... လာခဲ့စမ်း ...၊ ကိုင်ပေါက်ပစ်မယ်"

"ဟယ် ... လုပ် ... လုပ်ပါဦး"

"လာ ..."

ဘုဘောက်ကျမလို့ ပါးစပ်ပြင်ပြီးမှ သူဆွဲပြေးသည့်နောက်ကို ဝိုင်ကောက်ကောက်ပါလေ သည် ။

"ဟော့ ...၊ ရပ်နေစမ်း ..."

"လုပ်ပါဦး ...၊ ဟိုမှာ လိုက် လာပြီ ...၊ နည်းတဲ့ ဗလကြီး မဟုတ်ဘူး "

"လာပါဆို ...၊ မြန်မြန်မောအောင် စကားတွေက များ သေးတယ်"

"အို ... ဒီဘက်ကိုသွားရမှာ ...၊ အဲဒီမှာ ဝိုင့် ဆိုင်ကယ်ရှိတယ်"

ဆိုင်ကယ်ပေါ် နှစ်ယောက်ထိုင်မိသည် နှင့် လူကြီး မီလာသည် ။ လီဗာတစ်ချက်နှင့်သာ ဆိုင်ကယ်မနိုးလျှင် လှမ်းဆွဲလိုက်သည့် လက်ကြီးထဲမှာ ဆိုင်ကယ်နှင့် လူတွေအဖြစ်က မတွေးရဲစရာ ...။

"ဖြည်းဖြည်းလုပ်စမ်းပါ ...၊ ဟိုက စက်ကိုတော့ မီအောင် ပြေးမလိုက်နိုင်ပါဘူး"

"ပြောလို့ ရမလား ...၊ ပုံစံက ဘီလူးကြီး ကျနေတာပဲ ..."

ဝိုင်က ဆိုင်ကယ်ကို အရှိန်မချဘဲ ဒီအတိုင်းဆက်မောင်း၏။ ဖြစ်သလို ဦးတည်လာသည် မို့ မြို့ထဲ ပြန်တာမဟုတ်ဘဲ မြို့ပြင်ကို ခရီးဆက်လာသလို ဖြစ်သွားသည် ။

တစ်ချီမှာ ချိုင့်ဖြတ်စဉ် ဆိုင်ကယ်ရော လူတွေပါ မြောက်ကြွခုန်ပေါက်ကုန်ကာ ...

"အို ... ဘယ်လိုလုပ်တာလဲ ..."

"ပြုတ်ကျမှာ စိုးလို့ ပေါ့ ...၊ ခုကျမှ ကြောက်လန့်တကြားနဲ့ ပြေးနေတာ၊ ကြည့်လုပ် ...၊ အိမ် ရောက်မှ အဖျားပါတက်နေဦးမယ်"

"ဖယ် ...၊ လွှတ် ..."

ဝိုင်က ဆိုင်ကယ်ကို ရပ်ပစ်လိုက်ပြီး စက်မသပ်ရသေးခင် ခါးလိမ်လိုက်၊ ပခုံးတွန့်လိုက်နှင့် အသည်းအသန် ခါချသည် ။ သူကလည်း ဆိုင်ကယ်ပေါ်ကနေ ဆင်းကာ ...

"မိန်းကလေးမောင်းတဲ့ ဆိုင်ကယ်မှာ ဒီတစ်ခါ ပထမဆုံးစီးတာပဲ"

"အောင်မယ် ..."

"သော့တောင်းချိန်၊ နေရာယူချိန် လုံးဝမရလိုက်လို့ ...၊ တကယ်ပြောတာ ... မိန်းကလေး နောက်က ထိုင်လိုက်ရတာ ဘယ်လောက်အောက်လဲ ..."

"သေလိုက် ..."

ဒေါသက ပြန်စလာ၏။ လူကို တစ်လမ်းလုံး ပခုံးကိုင် လာပြီး ဆိုင်ကယ်ခုန်တော့ တစ်ကိုယ် လုံးကို ရင်ခွင်ထဲ ဆွဲသွင်းထားသလို ခါးကနေ သိမ်းကျုံးဖက်ပစ်တာ ...၊ အဲဒါ လိုလို့ လား ...။

"တစ်အောင့်နေရင် ပြန်မယ် ... နင် မလိုက်နဲ့ တော့ ..."

"ဘယ်သူကရော လိုက်မယ် ပြောလို့ လဲ ..."

ဝိုင် အံ့သြသွားသည် ။ ကျင်းထဲဝန်းကျင်နှင့် တော်တော်ဝေး လာပြီဖြစ်ကာ ဒီဘက်မှာ ကျောက် တွင်းတွေ မရှိတော့သလောက်ပင် ...။

သူ့ကို "မှတ်တမ်း" ဆိုတာ သိသည် ။ အန်ကယ်ဟံတို့ လင်မယားနှင့်လည်း မရင်းနှီးပေမဲ့ ခေါ်ပြောနှုတ်ဆက်ဖူး၏။ ထို့ကြောင့် သိနေသည်လေ ...၊ ဒီဘက်မှာ သူတို့ လုပ်ငန်းနှင့် ပတ်သက်တာ ဘာမှ မရှိတာ။ တည့်တည့်ဆက်တိုးသွားရင် ကားလမ်းရှိသည် ။ ဘယ်သွားမှာ မှန်း မသိပေမဲ့ မိုး ကုတ်မြို့ထဲကို ပြန်မရောက်မှာ တော့ သေချာ၏။

ပြန်လှည့်ဝင်ဖို့ လည်း ဆိုင်ကယ်မရှိဘဲ ဘယ်လိုလုပ်မလဲ ...၊ သူ တောင်းပန်လာလျှင်တော့ လက်တွေ ငြိမ်ငြိမ်သက်သက်နေဖို့ ကတိပေး ခိုင်းပြီး ပြန်ခေါ်သွားဖို့ ပါ ...။

ကိုယ့်ဘာသာ အံ့သြခြင်းဖြစ်ပြီး မျက်နှာကတော့ "ကောင်းတာပေ့ါ" ဆိုသည့်ပုံစံနှင့် မေးဖျား လေးပင့်ပြီး ခေါင်းပါညိတ်လိုက်သေးသည် ။

"ဘယ်မှာ လဲ ခုနက လောက်လေး ..."

"ရှိသားပဲ ..."

"လောက်လေးတစ်ချောင်းနဲ့ တောထဲတောင်ထဲ ဝင်ရဲတယ် ...၊ ပြဿနာဖြစ်လာတော့ ကြောက်တတ်လိုက်တာ နှစ်ယောက်မရှိဘူး"

"လောက်လေးက လူသတ်လက်နက်မှ မဟုတ်တာ"

"ပိုဆိုးတာပေ့ါ ...၊ မင်းပစ်တာ ဦးတာတေကို တစ်နေရာရာ သွားထိကြည့်ပါလား ..."

ဒါကျတော့ ပက်ခနဲ ပြန်မပြောနိုင်ဘဲ နှုတ်ခမ်းလေး စူပွပွနှင့် ဆတ်ခနဲ လှည့်ပစ်၏။ နှုတ်ခမ်း နီ ရဲရဲတောက်တောက် ဆိုးထားသည့် မျက်နှာလေးက အသားဖြူလေးပေမဲ့ ဝင်းညက်ညက်လေးမို့ လှသထက် လှနေ၏။

မျက်လုံး သိပ်အလှကြီးမဟုတ်ဘဲ မျက်တောင်ဖျားလေးတွေ ရှည်လျား ကော့ညွှတ်နေပုံက ခပ် ကျဲကျဲ ... မှောင်လက်လက်လေး ...။

နှာတံလေးကလည်း ပေါ်သည် ။ လေးထောင့်ဆန်ချင်သည့် မျက်နှာဝိုင်းဝိုင်းလေးက ချစ်ဖို့ ကောင်း၏။ ခိုင်ကြည်သည့် မျက်နှာကျမျိုးလေးမို့ ပြုံးနေနေ စူပုပ်ပုပ်လေးပဲ ဖြစ်ဖြစ် ပြောင်းလဲနေ တိုင်း လှသည့် သူမ၏ နာမည်က "တမာဝိုင်" ...။

သို့သော် တမာဝိုင် ဆိုတာထက် "သုံးရာသီ ညီအစ်မရဲ့ ယုန်လေး" ဆို ပို၍ လူသိများကြ၏။

မိုးကုတ်မြို့မှာ ချမ်းသာကြွယ်ဝခြင်း ...၊ လှပခြင်းတို့ ဖြင့် နာမည်ကျော်တာက သုံးရာသီ အပျိုကြီးညီအစ်မနှင့် တမာဝိုင်တို့ ၏ လှပခြင်းများကြောင့်လို့ အများက သတ်မှတ်သည် ။

ဝိုင့်ကို ခုမှ ပြောဆို ခေါ်ပြောဖူးပေမဲ့ အမှတ်တမဲ့ လှမ်းမြင်လိုက်တာ၊ သတိတရကြည့်နေခဲ့ တာတွေ မှတ်တမ်းဘက်မှာ ရှိခဲ့သည် ။

သူက မန္တလေးမှာ ပဲ အနေများကာ ရန်ကုန်က ဆွေမျိုးတွေဆီ ရောက်ပြီဆိုလည်း နှစ်လ လောက်နေပြီးမှ ပြန် ဖြစ်၏။ ထို့ကြောင့် မိုးကုတ်က မိဘနှင့် သူ့အတွက် ဇာတိချက်မြှုပ်ဖြစ်ခဲ့တာပဲ ရှိသည် ။

အနေအနည်းဆုံးဒေသ ဖြစ်ခဲ့၏။

မေမေတို့ ပြောကြတော့ ဝိုင်က ငယ်ငယ်က မန္တလေးမှာ နေသည် တဲ့

...၊ ထို့ကြောင့် သူ မန္တလေး ကို ရောက်သွားတဲ့ အချိန်မှာ ဝိုင်က မိုးကုတ်မှာ ပြန့်နေတော့ မဆုံဖြစ်တာတွေ ဖြစ်လိမ့်မည်။

သေချာတာတစ်ခုကတော့ ဝိုင့်ကို မြင်တိုင်း သူ သတိတရကြည့်ဖြစ်သည် ။

"နင်ကကော အဲဒီမှာ ဘာလုပ်နေတာလဲ ...၊ မမြင်ကွယ်ရာ ဝင်နေပြီးတော့ ..."

ခုမှ မေးစရာ တွေ့သွားသည့်ပုံနှင့် ခါးတစ်ဖက်လေး ထောက်သေးသည် ။ မှတ်တမ်းက ရယ်လိုက်ရင်း ...

"မမြင်ကွယ်ရာ ဝင်နေတယ်လို့ ဘာလို့ ပြောတာလဲ"

"မမြင်လို့ ပေါ့ ...၊ သစ်ပင်ချုံပုတ် မရှိဘဲနဲ့ ..."

"ချုံဝင်တိုးစရာလား၊ ဦးတာတေလို ငါ အဖြစ်ဆိုးသွားမှာ ပေါ့"

ဝိုင့် မျက်နှာ ရဲခနဲ ဖြစ်သွားလျက် ...

"ချုံထူထူထဲ သူက ဝင်နေတာ ..."

"ဘာကောင်မှန်း မသေချာသေးရင် မပစ်နဲ့ ပေါ့ ...၊ လောကကြီးထဲမှာ အဲဒီလို မှားယွင်းမှုတွေ ကြောင့် ယုန်ထောင်ကြောင်မိ မဖြစ်ဘဲ ကြောင်ထောင်ကျားမိ ... အဲ ... ကျားနဲ့ တွေ့တာတွေ ...၊ သမင်မှတ်လို့ တောလှန့်ပါတယ် စိုင်လိုက်လို့ ပြေးရတာတွေကော မင်းမကြားဖူးဘူးလား ..."

"ကြားဖူးတော့ ဘာလုပ်ရမှာ လဲ ...၊ ကျွန်မက မုဆိုးလုပ်နေတာ မဟုတ်ဘူး ၊ ဒီနားပတ်ဝန်း ကျင်မှာ ယုန်၊ ဖွတ်၊ ပဒတ် ဒါတွေပဲရှိတာ၊ လူက လူလိုမှ မနေဘဲ ..."

"သာမန်လူ မဟုတ်လို့ ပေါ့ ...၊ ဘယ်သူမှ ကိုယ့်သေတွင်း ကိုယ်မတူးဘူး၊ ဒီလို မထင်မှတ်တဲ့ ပြဿနာတွေကြောင့် ဒုက္ခရောက်ကြရတာ၊ ဦးတာတေလို လူကြီးကို သွားစမိရင် အဖြစ်က ပိုကြီး သေးတယ်၊ ဒီလူကြီးက လက်ဝှေ့သမား အကျော်အမော်ရယ် ...၊ မိန်းမဖျက်လို့ ဘဝပျက်ရတာဆို တော့ ..."

"ဘာလေး ...၊ မိန်းမဖျက်လို့ ဘဝပျက်ရတယ်ပဲရှိသေး ...၊ ဘီလူးဆယ်ကောင် ဆယ်ရက် လောက်စားမကုန်တဲ့ လူပုံကြီးနဲ့ မိန်းမကြောင့်လို့ လက်ညှိုးထိုးရဲတာ အရှက်မရှိတာ၊ အဲဒါကြောင့် ဒီလူကြီးကို သူများတွေက သနားပါတယ်ပြောတိုင်း ဝိုင် ကတော့ "လုံးဝ မသနားပါဘူး" လို့ ဝင် ပြောနေကျ၊ မသနားပါဘူး ..."

ခါးနှစ်ဖက်ထောက်၍ မဲ့ရွဲ့ပြောနေပုံက ဆံပင်ကုတ်ဝဲ ထူထူအုပ်အုပ်လေးနှင့် ရုပ်အကျီပွပွ လေးကြောင့် ကလေးဆန်နေသလိုပင်။ စိုက်ခနဲကြည့်ပြီး မှတ်တမ်းက ရယ်၏။

"အဲဒါကြောင့် မင်းကိုမြင်တာနဲ့ ဟိုကလဲ သတ်မယ်ဖြတ်မယ် ထဖြစ်တာ ...၊ တစ်ဦးစေတနာ တစ်ဦးမေတ္တာတဲ့ ...၊ ခုလဲ အဲဒီတောစပ်က စောင့်ချင်စောင့်နေမှာ ...၊ သိတယ်မို့လား အဲဒီထိပ်က ပိတောက် မောင်နှမ သစ်ပင်နှစ်ပင်လေ၊ ချစ်သူနှစ်ယောက် မိဘက သဘောမတူလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာ၊ အဲဒီအောက်မှာ ..."

"နင်နော် ..."

"နှစ်နှစ်သာ ကြာတယ်၊ တစ်ယောက်တည်း ဘယ်သူမှ အဲဒီအောက်မှာ မထိုင်ရဲဘူး ..."

"လူတိုင်းသိပြီးသား ...၊ အပိုတွေမပြောနဲ့ ..."

ပြောပြောဆိုဆို ဆိုင်ကယ်ကို ကိုင်လိုက်ပြီးမှ လက်ပြန်တွန့်၏။ မှတ်တမ်းက သိပေမဲ့ သူမ ကို ကျောခိုင်း ထွက်လာခဲ့သည် ။

"မှတ်တမ်း ..."

ခေါ်မှာ ပဲဆိုတာ သိသည် ။ ဒါပေမဲ့ ခြေစုံရပ်ပစ်လိုက်ပြီး လှည့်မကြည့်သေးဘဲ နေလိုက်၏။

မျက်ဝန်းဘက်က ရယ်ချင်နေတာတွေကို အစအနသိမ်းပြီးမှ ပြန်ငဲ့ကြည့်ကာ ...

"ဘာလဲ ..."

"နင်က ဘာနဲ့ ပြန်မှာ လဲ ..."

"ပြန်စရာမရှိလဲ ဘာဖြစ်လဲ ...၊ ငါက ယောကျ်ားလေး၊ ဒီဘက် ညာအတိုင်း ပြန်ကွေ့ရင် နာရီဝက်လောက် လျှောက်ပြီးတာနဲ့ ကိုထွေးတို့ မိုင်းကွင်းကို ရောက်မယ်၊ ခြေညောင်းမခံချင်လဲ ဒီမှာ ဖုန်းပါတယ်"

သူ ဖုန်းပြတော့ ဝိုင်က လိုက်ကြည့်ကာ ...

"လုပ်မနေနဲ့ ...၊ ဒီနေရာမှာ ဖုန်းလိုင်းမမိဘူး"

"ဘာလို့ မမိရမှာ လဲ ...၊ နေဦး ... မင်းသိအောင် ခေါ်ပြမယ် ..."

သူ တကယ်ခေါ်ပြတော့ ဝိုင် ခြေဖျားလေးထောက်ကြည့်သည် ။ မမြင်ရမှန်းသိတော့လည်း သူက ခေါ်ထားသည့်ဖုန်းကို ထောင်ပြ၏။

တင်းနေသည့် စခရင်မ်ကို ငေးကြည့်ကာ ဖုန်းခေါ်ပြီး အိမ်က ဆိုင်ကယ်ကို မှတ်တမ်း မှာ နိုင် တာပဲဆိုတာ သိလိုက်သဖြင့် ဣန္ဒြေဆောင်လို့မရအောင် ဖြစ်သွားလေသည် ။

ထို့ကြောင့် မျက်နှာလေးကို ပြန်တင်း၍ ...

"နင် ဒီကိုပါလာတာ ငါ့ကြောင့်မို့လို့ မေးနေတာ ..."

"ဟုတ်တယ်လေ ...၊ မင်းပဲ ကျေးဇူးမသိတတ်စွာ ပြောနေလို့ ငါ့မှာလဲ အားကိုးမဲ့ မဟုတ် ကြောင်း သိအောင်ပြရတာ ..."

ဒီလို မလိမ်ခဲ့ဖူးတော့ မျက်နှာတွေတောင် ယားနေသလိုလို ...၊ ပြီးတော့ ဒီမျက်နှာကြီး ပြုံး စိစိများ ဖြစ်နေသည် လေ။ ဖုန်းက နောက်ဆုံးပေါ် အဆင့်အတန်းမြင့်ဆုံး ကလေးကစားစရာ ဖုန်း အတုပါ ...။

အတုပါဆိုမှ ဘယ်လျှောက်ဆက်ဆက် ခေါ်မှာ ပဲပေါ့ ...။

အလွယ်တကူ လိမ်လို့ ရသွားတာက ဝိုင်က ခြွင်းချက်မရှိ အလျင်စလို ယုံကြည်သွားခြင်းပင်။ "ပြစမ်း" ဆိုပြီးတော့များ ဆွဲယူလိုက်လျှင် ပြီးပြီ ...။

"ဒါဆိုလဲ ပြန်လိုက်ခဲ့ ..."

ဝိုင် တော်တော်လေး စဉ်းစားနေပုံနှင့် ခဏကြာမှ အသံပြန်ထွက်လာသည် ။

"ဘာလဲ ငါ ပြန်လိုက်ရမှာ လား ..."

"ဟုတ်တယ်လေ ...၊ မလိုက်ချင်လည်း နေ ..."

"လိုက်မယ် ...၊ ဒါပေမဲ့ မင်း ငါ့နောက်က ထိုင်စီး ..."

"မစီးချင်ပါဘူး ..."

"ခုနက အလောသုံးဆယ်လေ ...၊ အခု အေးအေးဆေးဆေးကြီးနဲ့ မင်းနောက်က ငါ ထိုင်စီး ရမှာ ထည့်တွက်ပါဦး"

ဒါလည်း ကောင်းတော့ကောင်းသည် ။ သူက ကိုယ့်နောက်ကဆို အလာတုန်းကလို အသားယူ တာမျိုး ထပ်ရှိလာနိုင်၏။ ကိုယ့်ဘာသာဆို

ဆင်ခြင်နိုင်ဦးမည်မို့ ...

"ပြီးရော ...၊ တက် ..."

မှတ်တမ်းက ဝိုင် ကျေနပ်လိုက်တာ ဘာကြောင့်မှန်း သိသည် ။ ထို့ကြောင့် ပြုံးလိုက်၏။

"ဘာပြုံးတာလဲ ...၊ ရုပ်က မသားနားရတဲ့ အထဲ အကြံသမားလိုလို ... နှာဘူးလိုလို ..."

"ဟာ ... မင်း ..."

"လုပ်မနေနဲ့ ...၊ မြန်မြန်တက် ... ဟွန်း ..."

"ဟုတ်တာပြောတော့ နာသည် " ဟု နှုတ်ခမ်းလှုပ်ရုံလေးပြောကာ သူ့နောက်ကနေ ဆောင့်ခနဲ ထိုင်လိုက်၏။ ဆိုင်ကယ်ကလည်း စထွက် ကတည်းက ဒေါသနှင့် ...။

"မန္တလေးလမ်းမကြီး မှတ်နေသလား၊ ဆိုင်ကယ်မောင်းတာ ..."

"ဒီလိုပဲ မောင်းတတ်တယ်"

"မောင်းလို့ မရ ...၊ အမေ့ ..."

ဝိုင် ဘေးကို ခါချခံလိုက်ရသလိုဖြစ်ကာ သူ့ခါးကို သိမ်းကျုံးဖက်လို က်မိသည် ။

"မှတ်တမ်း ...၊ နင် ... နင် ... သက်သက် အသားယူတာ ...၊ ဖြည်းဖြ ည်းမောင်းလို့ ပြောနေ တာ ကန်းနေလား ..."

"မင်းလဲ ခုနက အဲဒီလို အသားယူခဲ့တာလေ ..."

ကြည့်စမ်း ...၊ ယောကျ်ားလေးဖြစ်ပြီး နှုတ်လှန်ဖို့ တတ်နေတာ ...။

"ငါက သေလုမြောပါး မောင်းပြေးရတာ ...၊ နင် မိန်းမလိုမိန်းမရ တွေ ပြောမနေနဲ့ ..."

" မဟုတ်ဘူး လေ ...၊ မင်းဆိုင်ကယ်က မိန်းမစီးလေး၊ အရမ်းပေါ့လွ န်းတော့လဲ ထိန်းရခက် တာပဲ၊ ဒါပေမဲ့ မင်း ဘာမှ မဖြစ်စေရဘူး စိတ်ချ နေ ..."

"ဘယ်ဖြစ်မလဲ ...၊ ဒီမှာ နင့်ရဲ့ ထန်းပင်ကိုယ်ကြီးကို တောက်တဲ့ က ပ်သလို ကပ်တွယ်နေတာ ကိုး"

သူ မအောင့်နိုင်ဘဲ အသံထွက် ရယ်မိ၏။ မျက်လုံးထဲမှာ လည်း သုံး ရာသီ ညီအစ်မသုံး ယောက်ကို မြင်ယောင်မိသေးသည် ။ ဒီမြင်ကွင်း လေးကိုသာ မြင်သွားရင် တက်ချက်ကုန်မလား မသိ ...။

မြင်တော့ ဘာဖြစ်လဲ ...။

* * *

# အခန်း (၃)

"မြင်တော့ နာမည်ကြီးသွားတာပေါ့ ဝိုင် ရယ် ...၊ ပြောစမ်း ... က လေးကို ဒီသတ္တဝါ ဘာတွေ ပြောလာသေးလဲ၊ တော်သေးတာပေါ့ ... သ င်းကို နောက်ကများ ထိုင်ခိုင်းလိုက်မိရင် မတွေးဝံ့ဘူး"

"ထိုင်ခိုင်းတယ်လေ ...၊ သူက မာနရွှေချပြီး မစီးနိုင်ပါဘူးတဲ့ "

"အလိုတော် ...၊ အမယ်လေး ... အဲဒီမာန ရွှေချရုံမကဘူး၊ စိန်နဲ့ ပါ မွန်းချင်သေးတယ်၊ ဆိုင်ကယ်ပေါ် တင်ရုံတင်မကဘူး၊ ညည်းလေးက အ မယ်လေး ... လေး ..."

အန်တီနွေ့ ရင်ဘတ်ထုတာကိုလည်း မရပ်၊ အမယ်လေးတွေ ဆက် တိုက်လေးကာ မျက်ဖြူ လန်တော့မလို မော့ခနဲ ...၊ မော့ခနဲ ...

"တောထဲလဲ ရောက်သွားသေးတယ် ..၊ အရူးကလိုက်လို့ ဟိုကောင်နဲ့ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် ...၊ အမယ်လေး ... မတွေးရဲ ပါလား ...၊ ရေ ... ရေ ... ပေးစမ်း ...၊ ငါ့ကို ..."

"ဟဲ့ ... ဩော် ... မိဆောင်းရယ် ...၊ သူများ ရေတောင်းမှ ပဲ သူ့မှာ ..."

"နားထောင်ရတဲ့ သူလဲ ရင်တွေတုန်တာပဲ ..."

"ဘာတုန်တာလဲ ...၊ ကလေးကိုဆုံးမရင် နင်ပဲ ကပ်ကပ်ပြီး မြှောက်

ပေးနေတာ ..."

"ချော့တာပါ မမမိုးရယ် ...၊ မြှောက်တော့ မပေးပါဘူး၊ အခု ကြည့်ပါဦး ..."

စကားစမဖြတ်ဘဲ ရေသောက်လိုက်တော့ ရေနင်ပြီး လည်ချောင်းကြီး ပေါက်ထွက်တော့ မတတ်ဖြစ်ကာ ဆောင်း မျက်လုံးကြီး ပြူးထွက်လာသည် ။

"ဟဲ့ ... ဟဲ့ ..."

မိုး ထပြေးသွားသဖြင့် သတိလစ်မတတ် ဟိတက်နေသော နွေလည်း မနေနိုင်။ ထိတ်လန့် ပေါက်ကွဲနေတာတွေ ရပ်ကုန်ကာ ဆောင်းကိုပဲ ပြုစုနေကြရပြန်သည် ။

ဒီအခေါ်တွေ အမြဲတမ်း ဟိတက်ဖို့ အကြောင်းတွေချည်းပဲ အစ ဆွဲထုတ်တတ်တာမို့ ဝိုင် ကတော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ထိုင်ရာမထ ...။

အပျိုကြီးသုံးယောက်က "နွေမုတ်သုံ"၊ "မိုးဂိမာန်"၊ "ဆောင်းဝဿန်" ။ နာမည်တွေကိုက သဘာဝကို ဆန့်ကျင်နေကြလို့ လားမသိ သုံးယောက်စလုံး အယူအဆများက တစ်ထပ်တည်း၊ တစ်ပြေးတည်း ...။

ထို့ပြင် ကံတူအကျိုးပေး ညီအစ်မတွေဆိုလည်း မမှားပေ။ နွေက ရည်းစားသနာစိတ် ဘယ် တုန်းကမှ မရှိခဲ့တာမို့ အိမ်ထောင်မပြုခဲ့တာပေမဲ့ မိုးကတော့ ကျန်းမာရေး ချွတ်ယွင်းမှုတစ်ခု အကြီးအကျယ်ဖြစ်ပြီး အိမ်ထောင်ကျလည်း ကလေးမရနိုင်တော့ဘူးလို့ ကြားကတည်းက ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ချက်ချခဲ့သည် ။

ဆောင်း ကျတော့ မျက်နှာလေး လှပေမဲ့ ညီအစ်မ သုံးယောက်ထဲမှာ

လူက ပုပုသေးသေး လေး ဖြစ်နေ၏။ ပြီးတော့ သူမမှာ လည်း ခါးသီးစရာ ရာဇဝင်လေးနှင့် ...။

တစ်ခါက မိုးကို လူကြီးချင်း စေ့စပ်ကြောင်းလမ်းဖို့ အိမ်မှာ ဧည့်သည် တွေ ရောက်လာကြ၏။ ထိုစဉ်က သူမတို့ ၏ အဘိုးဖြစ်သူ ရှိနေသေး၏။

သူ့မြေးမတွေမှာ ချစ်သူရည်းစား ဘာညာ မရှိကြမှန်းကို ယုံကြည်ထားသောကြောင့် လူငယ် ချင်းရည်ငံလို့ မဟုတ်ဘဲ မိဘတွေက သင့်တော်အောင် စီမံချင်တာမှန်း နားလည်သည် ။

ထို့ကြောင့် အနီးဆုံးမှာ ရှိနေသည့် ဆောင်းကို ပြောတာလားဟု လက်ညှိုးထိုး မေးခဲ့၏။

စေ့စပ်ဖို့ ပါလာသည့် လူငယ်လေးရဲ့ အသက်အရွယ်ကို ခန့်မှန်းပြီး အသက်တူသူကို ရွေးပြ လိုက်တာပါ။ ဒါကို လူငယ်က ရှုံ့မဲ့ရွံ့သွားကာ ...

"ဟာ ... အဲဒါလေး မဟုတ်ပါဘူး ... လုံးဝ မဟုတ်ဘူး ...၊ ကျွန်တော်နဲ့ စေ့စပ်ပေးမှာ က ဆောင်းဝသန် ...၊ ဟုတ်တယ်မို့လား အမေ၊ မြန်မြန် ပြောလိုက်ပါဗျာ ...၊ ဒုက္ခပါပဲ ... မှားကုန်ရင် တော့ သေပြီ ..."

ဟု လူတွေရှေ့မှာ ငိုချတော့မတတ်ပြောကာ သူ့ခေါင်းသူ နှစ်ချက်လောက် ထုသွား၏။ ထို မြင်ကွင်းကို တစ်သက်စာ စွဲမှတ်ကာ ဆောင်းအရှက်ကြီး ရှက်သွားသည် ။

ညီအစ်မတွေ၏ အလှကို တခမ်းတနား စာဖွဲ့သံတွေ ထွက်လာတိုင်း ...၊ အစ်မနှစ်ယောက်ထဲ က တစ်ယောက်ယောက်ကို စေ့စပ်ကြောင်းလမ်းဖို့ ဖြစ်လာတိုင်း ...

သူမဘဝက သစ်ခေါင်းထဲက ဇီးကွက်လေးလို …။

ထို့ကြောင့် သူမ စိတ်နာခဲ့သည် ။ ဘယ်ယောက်ျားကိုမှ မယူဟု ဆုံးဖြတ်လိုက်တော့ ဆုံးဖြတ် ချက်ကို မြင်ပါဦးလို့ ဘယ်သူမှ မပြောရက်ဘဲ ရှိခဲ့ကြ၏။

အကြောင်း ကြောင်းတွေ ဤသို့ရှိခဲ့တာ အခိုင်အမာပေမဲ့ နောက်ဆုံးကျတော့ အပျိုကြီးမမ တွေ ဖြစ်ခဲ့ကြတာ ကံတူအကျိုးပေးတွေပဲ မဟုတ်ဘူး လား …။

အဒေါ်တွေကိုငေးရင်း ဝိုင် တရားကျမိတော့သည် ။ တစ်ခါတလေ ကလေးချီချင်တဲ့ အကြောင်း လာပြောသေးသည် ။ ဝိုင်က စသလို နောက်သလိုနှင့် သူမ ယောက်ျားယူလိုက်မည် ပြော လိုက်လျှင် သုံးယောက်စလုံး ပြူးပြူးပြဲပြဲ …

"မယူရပါဘူး …၊ မယူရပါဘူး …၊ ဖြစ်ရလေ ဒီသတ္တဝါတွေ မပါဘဲ ကလေးယူလို့ ရတဲ့ ခေတ် ကိုယ့်ဆီရောက်လာမှ ပဲ ယူတော့မယ်၊ နေပါစေတော့ …"

"ဟုတ်တယ် …၊ နိုင်ငံခြားမှာ ဆို ဖန်ပြွန်သန္ဓေသား ယူတဲ့ စနစ် တွင်ကျယ်နေပြီ"

လို့ အန်တီမိုးက စာအုပ်ကြီး တကိုင်ကိုင်နှင့် ဝင်ပြောသေးသည် ။ ပြီးတော့ …

"ဒါဆို နင် မွေးမလား …"

"အံမယ် …၊ နင်မွေးပါလား …"

ဆိုတာတွေ ထထဖြစ်တာလည်း ခဏခဏ …။

သူမတို့ အရေးအခင်း ဘယ်လောက် ကြီးကျယ်နေပါစေ ဝိုင့် ဘက်ကိုတော့ နည်းနည်းမှ မြား ဦးမလှည့်ပါ။ ဟိုတစ်လောကမှ …

"ကလေး ကြားမိလား …၊ ဟိုဥစ္စာပြုတဲ့ စနစ် မြန်မာနိုင်ငံမှာ ရနေပြီ ၊ စိတ်မဝင်စားဘူးလား" တဲ့ …။

ကြက်သီးများ တောင် ထမိပါ၏။ ဝိုင် တွေးလို့ မဆုံးသေး …။

"အဲဒီသတ္တဝါလေးကို လုံးဝ စိတ်မဝင်စားနဲ့ နော် …"

အန်တီနွေ ကပဲ ပြန်စ၏။

"အလကား မိဘက အိုကြီးအိုမနဲ့ ရွာကျွေးနေတာကို သူက လည်ရာပြန်စားရေးလုပ်ပြီး ထိုင်ဖြုန်းနေတာ …၊ ရန်ကုန်မှာ အင်တာနက်ဆိုင် ဖွင့်ထားတယ်တဲ့ ၊ မန္တလေးမှာ လဲ အင်တာနက်၊ အီလက်ထရွန်းနစ်ရှိုးရွမ်းဆိုတာက ပါသေး …၊ ဘယ်မှာ ဘယ်လို ပြုတ်စော်နံနေသလဲ တော့ မသိဘူး၊ မြင်လိုက်ရင် မိုးကုတ်မှာ ပဲ …၊ ပြေးမကြည့်နိုင်တဲ့ လူတွေကို ကြွားလုံး ထုတ်ပြီး တကယ်တမ်းကျတော့ လတ်လျားလတ်လျား …"

အန်တီနွေက အတင်းအဖျင်းပြောတာ ဝါသနာကြီးလွန်းတာတော့ မဟုတ်ဘူး ထင်ပါသည် ။

အထူးသဖြင့် ယောကျ်ားလေးတွေအကြောင်း အကောင်းမပြောတတ်တာ တစ်ခုကလွဲ၍ …

"တမာဝိုင် …"

"ရှင် …"

"ကျုပ်တို့ က လျှာကျိုးမတတ် ပြော …၊ ရေသောက်ပြီး အရိုးစူးလိုစူး

နဲ့ ၊ ရှင်လေးက ငုတ် တုတ်ကမလှုပ်ဘဲ ဘာထိုင်တွေးနေသလဲ ပြောစမ်း ..."

"ဘာမှ မတွေးဘူး ...၊ အန်တီနွေ့ သူများ အကြောင်း ပြောတတ်လာရတဲ့ အကြောင်းကို တွေးတာ ..."

"ဘာ ... ဘာပြောတယ် ..."

နွေ့က ဒေါသဖြစ်ချင်သည့် မျက်နှာနှင့် လှည့်လာကာ ပြေကျလုလု ဆံပင်ရှည်ကို အော်တိုမစ် တစ်ကလစ်နှင့် ဖြစ်သလို စုသိမ်းလိပ်တင်သည် ။

"အဲဒါ ညည်းတို့ တွေကြောင့် ပြောနေရတာ ...၊ အရှိကို အရှိတိုင်းမမြင်ဘဲ "သဘာဝ" ဆိုတာ ကြီးနဲ့ ရောလိမ့်ပါသွားမှာ စိုးလို့ ... "

"ပါ လာပြီ ..."

"ညည်းတို့ တွေကြောင့်" ဆိုပြီး တစ်ယောက်စီ လက်ညှိုး ထိုးသွားတာကြောင့် မိုးနှင့်ဆောင်း မျက်နှာတွေ မသိမသာ အိုသွားသည် ။

နွေ့က ကော့သည့် မျက်တောင်တွေ ဖြန့်ကပ်နေတဲ့ အထိ ပြူးထားသည့် မျက်လုံးတွေက နေရာတကျ မဖြစ်နိုင်ဘဲ ...

"ကိုယ့်ဘာသာ ရုပ်ရှိရှိ၊ အရွယ်ရှိရှိ မလိုချင်လို့ မယူတာကိုများ အပြင်ထွက်လို့ အသိတွေ့ပြီး နှုတ်ဆက်မိတာနဲ့ "ဒီလောက် လှနေတာကို ဘာဖြစ်လို့ ခုထိ အပျိုကြီး လုပ်နေတာလဲ ...၊ အရွယ်တင် လိုက်တာ ဆယ့်ခြောက်နှစ် သမီးလိုပါပဲ၊ အိမ်ထောင်ပြုပါလား ... ဘာညာတွေ ..."၊ ဒီကြားထဲ ကိုယ် ပြောတဲ့ စကား ဘယ်ရောက်လဲ မစဉ်းစားဘူး၊ "အလတ်ကြီး ရှိသေးတယ်" ဆိုတာ လာသေး ..."

နွေ ဒေါသဖြစ်နေတာကို ကြည့်၍ ဝိုင်က ခစ်ခနဲ ရယ်သည် ။

"မရယ်နဲ့ ...၊ ငါ အဲဒီလောက် စပ်စပ်စုစု မပြောတတ်သေးဘူး သိလား၊ လူတွေကိုက ခေါ်ဖို့ ပြောဖို့ မကောင်းတာ၊ နေပါဦး ... မှတ်တမ်းနဲ့ တော်တော် ရင်းနှီးခဲ့ဖူးတာလား ..."

"မရင်းနှီးပါဘူး အန်တီနွေကလဲ ...၊ သူ့ကို အန်ကယ်ဟံတို့ လင်မယားရဲ့ သားမှန်း သိထား တာပဲ ရှိတယ်"

"ဦးဟံတို့ လင်မယားနဲ့ ရော ဘယ်လောက် ရင်းနှီးလဲ"

"မရင်းနှီးပါဘူး ...၊ အန်တီနွေ တို့ နဲ့ ရင်းနှီးပြီး အိမ်ကို ဝင်ထွက်နေကျဆိုတော့ တွေ့မြင်နေတာလေ၊ ပြုံးပြ နှုတ်ဆက် နေကျဆိုတော့ အန်တီမေ က ဝိုင့်ကို မြင်တိုင်း မရိုးတမ်း ပြောတာရှိတယ်"

"ဟင် ...၊ ဘာလဲ ..."

"ချစ်စရာလေး ... တဲ့ "

ကြည့်စမ်း ...၊ ညီအစ်မသုံးယောက် မျက်လုံးချင်း ဆုံသွားသည် ။ တွေ့တိုင်းပြောသည် ဆိုသော အဆင့်က စိုးရိမ်မှတ်ကို ရောက်နေပြီပဲ။ မိုးက ဆောင်းရဲ့ ဘေးကနေ ထလာကာ ...

"အန်တီမိုးတို့ လူကြီးတွေချည်း ရင်းနှီးတယ်ဆိုတာကို တစ်လွဲတွေတွက်ပြီး အဲဒီကောင်လေး နဲ့ မရင်းနှီးရဘူးနော် ...၊ ကျောက်တွင်းပိုင်နဲ့ ကုန်သည် ရင်းနှီးတာ ဘာမှ မဆန်းဘူး၊ စီးပွားရေးအရ ကိုယ်အကျိုးရှိလို့ ဆက်ဆံနေကြတာ၊ မမေတို့ ရဲ့ လက်တစ်ဆုပ်စာ စီးပွားရေးလေးလောက်တော့ အန်တီတို့ က ရယ်ချင်တယ်"

"မှတ်တမ်း ကိစ္စကို ထားလိုက်ပါတော့ အန်တီနွေရယ် ..."

"ထားလိုက်လို့ ရမလား ကလေးရယ် ..."

ဒီတစ်ခါ သူ့ဘက်ချည်း အမြဲနေခဲ့သည့် အန်တီဆောင်းက ဝင်ပြော တာပါ ...။

"ယောက်ျားယူတာကိုတော့ ငါလဲ မကြိုက်ဘူး ...၊ ငါက မလှလို့ ပြောတာ မဟုတ်ဘူး နော်၊ ငါချစ်တဲ့ သူတွေကို သူများ ပိုင်သွားတာရယ် ...၊ သူများက နိုင်စားတာရယ် ... အဲဒါကို လုံးဝ မခံနိုင် တာ"

"အဲဒါကျတော့ အားလုံးကို သိမ်းပြောသလို ဖြစ်သွားပြီ၊ ခေါင်းရင်း အိမ်က အပါကြီးတို့ လင်မယားကျတော့ အန်တီဆောင်း ဘယ်လိုပြောမ လဲ"

" ... ... ... ... "

"သူ့မိန်းမက အပါကြီးကို နိုင်လိုက်တာမှ ထိုင်ဆိုထိုင် ... ထဆိုထပဲ ..."

"တီချယ်ကြီးတို့ က ကုလားတွေလေ ...၊ ဘာသာမတူတော့ အယူအ ဆမတူတာ ဖြစ်မှာ ပေ့ါ၊ နောက်ပြီး တီချယ်ကြီးက အငြိမ်းစား မယူခင် ကတည်းက ကျောင်းမှာ အရိုက်ကြမ်းတာ နာမည်ကြီး ..."

"ဒါဖြင့် ကျင်းဆရာ ဦးချစ်တို့ လင်မယားရော ...၊ သူ့မိန်းမကို ချစ်လို က်၊ ကြောက်လိုက်တာ အန်တီမိုးတောင် ပြောရသေးတယ်လေ၊ ရှင် ဒီ လောက် ကြောက်ရင်လဲ အလုပ်လုပ်မစားနဲ့ တော့ ဆိုတာ ..."

ဒါလည်း ဟုတ်သည် ။ မိန်းမက အောင်ချမ်းသာဈေးထဲမှာ အလှကု န်ဆိုင် သေးသေးလေး ဖွင့် ထားပြီး သူ့ကိုယ်သူ ဆင်ထားတာကျတော့ ရ န်ကုန်မြို့ပေါ်က Beauty Saloon မှာ ထိုင်တဲ့ ပိုင်ရှင်တွေအတိုင်း ...။

မျက်နှာမှာ ရောင်စုံကာလာတွေနှင့် ...၊ ဆံပင်က တိုကပ်ကပ် ...။

ဦးချစ်ဆွေနှင့် အသက်က တော်တော်ကွာသည် ဟု ကြားတော့ တော်ကြာ မိန်းမအမျိုးတွေလာလို့ ...၊ မိန်းမက သူ့မွေးနေ့ အတွက် ဘုရားသွားချင်တယ်ဆိုလို့ ...

စသဖြင့် ဒီမိန်းမကချည်း ခေါင်းစဉ်ကြီးပိုင်းနဲ့ ပါပါလာတာကို မငြိုငြင်ဘဲ မနေနိုင် ဖြစ်ခဲ့၏။ ကျင်းအောင်လို့ စားသောက်ပွဲလေး ကျင်းပပေးလိုက်ပါသည် ...။

နောက်နေ့မှာ ဦးချစ် ဆေးခန်းသွားရသည် တဲ့ ။ ထိုနေ့က ခွင့်ယူပြီး နောက်နေ့လာတော့ ခေါင်း မှာ ပတ်တီးနှင့်။ ဘာဖြစ်တာလဲ မေးသည် နှင့် ရှက်မျက်နှာကြီးငုံ့ကာ ...

"ကျွန်တော့်မိန်းမနဲ့ ရန်ဖြစ်ပြီး မတော်တဆ ..." ဆိုတာမှာ ရပ်သွားရှာ၏။

လွန်လွန်းလာတော့လည်း အလုပ်လည်း မဆင်းပါနဲ့ တော့လို့ ပြောမိတဲ့ အထိ ...။ ဒါတွေ ပြန် တွေးကြည့်တော့ မှန်ပါသည် ။ ဒါပေမဲ့ ဒီအမှန်တရားတွေကို သက်သေပြပြီး ဒီကောင်မလေး ဘာ ပြောချင်တာလဲ ...

မျက်လုံးက ဝိုင့်ဆီ ပြန်ရောက်လျှင် ...

"သူများကို တစ်မျိုးမထင်နဲ့ နော် ...၊ အန်တီတို့လို တစ်ယူသန် အယူလွဲနေကြတယ်လို့ သူများ ပြောမှာ စိုးလို့ မျှမျှတတ တွေးဖြစ်အောင် ချိန်ထိုးပြတာ ...၊ ရေချိုးတော့မယ် ..."

ဝိုင်က ကော့ကော့လေးထသွားပြီးမှ ကွယ်ရာမှာ ပခုံးတွန့်ရယ်၏။

သူများက ဘာတွေဖြစ်နေလို့ လဲ ...၊ မှတ်တမ်းနဲ့ ဒီနေ့ ဆိုင်ကယ်လည်း အတူစီးထွက်လာတော့ နောက်က လိုက်လာသည့် အိမ်ကလူတွေ မြင်သွားသည် ။

ပြဿနာက ထိုမှ အစပြုကာ နီးစပ်သွားမှာ တွေ ...၊ အိမ်ထောင်မပြုသင့်တဲ့ အရေးတွေ ပြန်လည် ပွထ လာခြင်းပင်။ အဲဒီလောက်ထိ စိုးရိမ်နေကြတော့လည်း တစ်ခါတလေ တကယ်လိုလို တွေးပြောပြီး စကြည့်ချင်သည် ။ နွေ့ရယ်၊ မိုးရယ်၊ ဆောင်းရယ် ...။

သူမတို့ ကတော့ မသိပေ။ ဝိုင် ထသွားတဲ့ အတိုင်း မျက်စိတဆုံး လိုက်ကြည့်နေပြီးမှ ...

"ဟဲ့ ... ဆောင်း ...၊ နင် မြင်ခဲ့တာကို ပြန်ပြောစမ်း၊ သူတို့ ရယ် မောလို့ လား"

"မဟုတ်ပါဘူး၊ ဝိုင့်မျက်နှာက တည်တည်တံ့တံ့လေးပဲ၊ ဒါပေမဲ့ ..."

"ဟင် ...၊ ဒါပေမဲ့ ဘာဖြစ်လဲ ..."

"မှတ်တမ်းက တော်တော်ကြည့်ကောင်းတဲ့ ကောင်လေး ..."

"ဘာ ..."

"တိုးတိုးပြောစမ်းပါ ...၊ "ဘာ" သံကြီးကလဲ ကျယ်လိုက်တာ"

"နင့်ပြောပုံ ပြန်ကြည့်လေ ...၊ အဲဒီသတ္တဝါ ချောတာကြည့်ကောင်းတာ ဘာထည့်ပြောတာလဲ ..."

"ဩော် ... "လှလို့ ချစ်တာမဟုတ်" ဆိုတာ သီချင်းထဲမှာ ရှိတာပါ၊ လှမှ ချစ်တာ၊ ချစ်နေရင်း မှ နောက် ဘာဖြစ်ဖြစ် ခွင့်လွှတ်နိုင်တာ၊ ဒါတွေက သတ်သတ် ..."

"အရေးထဲ သူက ခံစားချက်တွေ လွှင့်နေပြန်ပြီ"

"အဲဒါပဲ မမနွေ့ တို့ ..."

ဆောင်း မျက်နှာလေးက စိတ်တိုပုံ ပေါက်သွားသောကြောင့်

အပျိုကြီးနှစ်ယောက် ပျာပျာသလဲ ဖြစ်သွား၏။

ညီအစ်မ သုံးယောက်မှာ နွေနှင့်မိုးက နှစ်နှစ်ပဲ ခြားတာ မိုးနှင့်ဆောင်း ကျတော့ ငါးနှစ်တောင် ကွာသည် ။ ထို့ကြောင့် ရွယ်တူလို ဖြစ်နေသည့် နွေနှင့်မိုးက သူငယ်ချင်းတွေလို ရင်းနှီးတာလည်း ရှိလျက် နင်နှင့်ငါ ပဲ ပြောဖြစ်ခဲ့ကြသည် ။

ဆောင်းကတော့ အစ်မနှစ်ယောက်ကို မမနွေ၊ မမမိုး စသဖြင့် ...

"ပြောပါဦး ...၊ ငါတို့ က ဘာဖြစ်လို့ လဲ ..."

"လူငယ်သဘာဝကို ကြိုမြင်ရမှာ လေ၊ မှတ်တမ်း ဘာပုံဖြစ်ဖြစ် ဆောင်းက ဘာကိစ္စ ပါးစပ်ထဲ ထည့်ပြောရမှာ လဲ၊ အခု စပြီး ခေါ်ဖြစ်ပြောဖြစ်ကြပြီ၊ နောက်ဆို ..."

"အို ... နောက်ဆိုတာ မရှိရပါဘူး၊ မဖြစ်ဘူး ... ဝိုင့်ကို မန္တလေး ပြန်လွှတ်မှ ..."

"ဟိုရောက်တော့လဲ မတွေ့မှာ ကျနေတာပဲ"

"မတွေ့အောင် လုပ်ထားမှာ ပေါ့ ...၊ ကြီးကြီးမြင့်ကလဲ ငါတို့ လုပ်ထားတဲ့ ကိစ္စတွေကို သိပြီး သား ...၊ ဘာဖြစ်ဖြစ် ဒီကောင်လေး မို့လို့ ကို ပတ်သက်မခံနိုင်တာ၊ ဒါတွေ သေချာပြောပြပြီး အဲဒီ ကောင်ကို မန္တလေး မှာ တွေ့တာနဲ့ အကြောင်းကြားပါလို့ ..."

"ဘာလုပ်မှာ လဲ ..."

"ကလေးကို ပြန်ခေါ်မှာ ပေါ့ ...၊ ဒါကို ဒုက္ခများ တယ်လို့ ထင်လို့ မရဘူး၊ ဒီကောင်လေး ဒီရောက်လာရင် ကလေးကို ဟိုပြန်ပို့မယ် လုံးဝ မနီး စပ်ရဘူး"

"ကိုယ်ကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲ၊ ကြီးကြီးမြင့်က မိုးတို့ ကိစ္စကို သိပ်အားပေးခဲ့တာ လဲ မဟုတ်ဘူး ၊ နောက်ပြီး နင်က ကလေးနဲ့ ဟိုသင်းပြုထားတဲ့ တစ်ယောက်က မှတ်တမ်းပါလို့ ပြထားမှာ မို့လို့ လား ..."

"ဟုတ်တယ် ...၊ မမနွေ တို့ အစီအစဉ်က ဘီးတစ်ဖက်မပါဘဲ သွားနေတဲ့ လှည်းကြီးလို တစ်ဖက်စောင်းကြီး ဖြစ်နေတယ်၊ သေချာလဲ ပြန်လုပ်ကြဦး ...၊ အိုးနင်းခွက်နင်းတွေဖြစ်ပြီး ဟိုမှာ ကြီးကြီးမြင့်က ကလေးကို ယောက်ျားပေးစားပစ်လိုက်ရင် သွားပြီ"

"အို ... ဖြစ်စရာလား ...၊ ဖြစ်မှာ စိုးလို့ တားဆီးနေကြတဲ့ ဟာ ..."

"ဟုတ်တယ်လေ ...၊ အိမ်ထောင်မပြုတာကို ကြီးကြီးမြင့်က ဘာပြောခဲ့လို့ လဲ၊ ခုကိစ္စကို သူက လင်ကောင်မပေါ်ဘဲ မွေးဖွားရမယ့် အဖြစ်ဆိုးလို့ မြင်တာ ...၊ "ဒီလောက် ချမ်းသာလှတာတောင် ဝဋ်ကြွေးက ကြီးတော့ ဒီနည်းနဲ့ ပဲ မွေးရဦးမယ်" ဘာညာနဲ့ တရားကျစကားတွေ ပြောဆိုတာ မမတို့ မကြားဘူးလား၊ ကလေးသိသွားရင်လဲ မလွယ်ဘူးဖြစ်ဦးမယ်၊ ဝိုင်က ခုချိန်ထိ ဘာစိတ်ညာ စိတ်ရှိပုံ မပေါ်ဘူး၊ တကယ်ဆို အဲဒီကိစ္စကို ဆောင်းတို့ သုံးယောက်ထဲက လုပ်ရမှာ နော် ..."

ဆောင်းက ဘာကိုနားလည်နေသည် မသိဘဲ နောင်တစကားတွေ ပြောနေ၏။

"ဟုတ်တယ် ...၊ နင်ပဲ လုပ်သင့်တာ ..."

"ဆောင်းကမွေးရင် ဆောင်းလိုပဲ မလှမပလေး ထွက်လာမှာ ပေါ့၊ တော်ပါပြီ ...၊ ယူမယ့်သူ မရှိရှာဘူးဆိုပြီး သနားခံနေရတာ ကြုံရာလူနဲ့ ငြိမိလို့ အဖြစ်ဆိုးရတယ် ထပ်အပြောမခံနိုင်ပါဘူး..."

ဒီစကားကြောင့် စမိသည့် ပါးစပ်ဆိုပြီး မိုး မျက်စိမျက်နှာ ပျက်သွားကာ ...

"ညီမလေးကလည်း မမမိုးက စတာပါ၊ အားလုံးလည်း ပြီးသွားပြီဥစ္စာ၊ တို့ သုံးယောက်က ဖြစ်မှ မဖြစ်နိုင်တာနော်၊ ပြီးတော့ အလုပ်ပြီးတာနဲ့ သူ့ဆီ သွားသွားနေရတာက ရှိသေးတယ်၊ မတော် တလွဲ တွေးနေကာမှ ဆို ခက်မယ်"

"မမတို့ စီစဉ်သလို ဖြစ်မလာဘဲ ခုနေသာ ကိုကြီး ရောက်လာရင်လဲ သွားပြီနော် ..."

"တော်ပါတော့ဟယ် ...၊ မကြံစည်အပ်တာကို ကြံစည်မနေနဲ့ ။ အလိုလိုကာမှ နှလုံးတုန်နေရ တဲ့ အထဲ နောက်ကို ပြန်မကြည့်နဲ့ တို့ လဲ အများကြီး မျှော်မကြည့်ကြေး ...၊ လောလောဆယ် ငါတို့ ဘာလုပ်သင့်လဲ"

"ဖွင့်ပြောလိုက်ဖို့ သင့်နေပြီ"

"စောပါသေးတယ် ...၊ ကလေး လန့်ဖျပ်ပြီး တစ်ခုခုလုပ်လိုက်ရင် အရမ်းနုသေးတော့ ပျက်စီးသွားနိုင်တယ်လေ"

"ဟုတ်တယ် ...၊ တော်ကြာ ငါတို့ က အိမ်ထောင်မပြုဖို့ တော့ အပြင်းအထန် တားဆီးနေကြ ပြီး သူ့ကို ဘဝပျက်အောင်တော့ လုပ်ရက်ကြတယ် ထင်သွားမယ်"

"ဟုတ်တယ် နွေ ...၊ ငါတို့ အဲဒီပုံစံပေါက်နေတာတော့ အမှန်ပဲ၊ ဖူးစာဆိုတာကြီးက အမှန် တကယ် မပျောက်မပျက် ရှိနေခဲ့ရင် ကလေးဘဝ ပျက်ပြီ ..."

"အဲဒါပြောတော့ ကြီးကြီးမြင့် ရေရွတ်သလိုသာ ဖြစ်ခဲ့ရင် ကလေး

ဘယ်လောက် သနားဖို့ ကောင်းလဲ ..."

"ဟုတ်တယ် ...၊ ငါတို့ က ကလေးရူး ရူးနေကြပေမဲ့ သူကတော့ တကယ်အေးတဲ့ သူ ..."

"ဟိုတုန်းက ဘာမျှ မှန်သည် မှားသည် သေချာမခွဲခြားခဲ့ကြ ...။

"အစ ဆွဲထုတ်ကြည့်တော့ အစကနေ ခုထိ ဆုပ်ဆွဲထားတဲ့ ပျက်ရာတွေနှင့် ...။

"နင်ကြားမိလား၊ ဦးဟံတို့ လင်မယား ဗုဒ္ဓဂယာ ဘုရားဖူးသွားကို"

" အဲဒါ ဘာဖြစ်လဲ"

"သင်းတို့ အောင်မြင်တဲ့ အကြောင်းတောင် မိုးတို့ က သွားပြောရတာ"

"အဲဒါကော ဘာဖြစ်လဲ ...၊ ဒီကိစ္စကို စိတ်မဝင်စားလေ ကောင်းလေ၊ ငါတို့ က မြေးဖြစ်သလို သူတို့ ကလဲ မြေးပဲ၊ ငါတို့ လောက် မဟုတ်ပေမဲ့ သူတို့ မှာ လဲ စီးပွားဥစ္စာ ခြေဆန့်လက်ဆန့်တော့ ရှိတယ်၊ စိတ်ဆိုးသွားပြီး စာချုပ်လဲ ဂရုမစိုက်ဘူး၊ ကလေးနဲ့ ပြန်လဲယူမယ်ဆိုရင်ကော"

"ဒါလဲ ဟုတ်သားပဲ"

"သူတို့ ပုံစံကလဲ ဆောင်းတို့ နဲ့ မကင်းလို့ သာ ဒါကို လိုက်လျောရတာပါ၊ မျက်နှာမှာ မာနရဲ့ ကောက်ကြောင်းတွေက ဒီတိုင်း ..."

သုံးယောက်သား ကိုယ်လုပ်ခဲ့ပြီးတဲ့ ဖြစ်ရပ်ကြီးကို ခုကျမှ တွေးကြောက်နေမိကြသည် ။ လုပ်ကြတုန်းကတော့ အကောင်းကနေ အစိမ်း သရဲပူးခံရသလို ဒါ မှန်တယ်၊ ဒီလိုလုပ်မယ်၊ နောက် ဘာမျှမမြင်

။ ဘာကိုမှ ဂရုမစိုက် ...။

"အန်တီဆောင်း ဝိုင် ရေချိုးမလို့ ..."

"ဟင် ..."

"ဟော ..."

"အေး ... လာပြီ ..."

ဝိုင်တွေနေကြသည့် သုံးယောက်နားထဲမှာ ဝိုင့် အော်သံက ဗုံးကွဲသွားသလိုပင် ...။

"ဒီအချိန် ကလေး ရေချိုးမယ်မှန်း သိရက်နဲ့ ရေနွေး စပ်မထားဘူးလား မိဆောင်းရယ် ..."

"အေးလေ ...၊ တော်သေးတာပေါ့၊ အကြောင်းကြားဖော် ရသေးလို့ ရေအေးတွေသာ ချိုးပစ်လိုက်ရင် အအေးပတ်မယ်"

"သူများကို ပြောမနေနဲ့ ...၊ နင်လဲ သနပ်ခါး သွားသွေး ..."

"နင်လည်း ညဝတ်အင်္ကျီ သွားထုတ်ချေပါ"

"ငါ့အလုပ် ငါသိတယ်"

အပျိုကြီးသုံးယောက် တာဝန်အသီးသီး ထရပ်ကြလေသည် ။ ကိုကြီး မွေးခဲ့တာ ဒီကလေး လေးကို ခုနစ်ရက်မပြည့်သေးဘဲ နွေက တာဝန်ယူခဲ့၏။

ဝိုင့် ခမျာ မွေးကင်းစ ကုသိုလ်ကံတော့ မကောင်းရှာပေ။

ကိုကြီးက ဝိုင်ချို့ကို နေထိုင်ပုံ ကလက်သည် ဆိုပြီး မနှစ်သက်ဘဲ ရှိသည် မို့ ကိုကြီးကို ကြိုက်ပြီး လူကြီးတွေကို ပူဆာခြင်းဖြင့် လက်ထပ်ခွင့်ရခဲ့သော ဝိုင်ချို့ ခမျာ နှလုံးရောဂါ အခံလည်း ရှိတော့ စိတ်

ဆင်းရဲခြင်းကို မခံနိုင် ...။

ထို့ပြင် ကိုယ်ဝန်ရှိပြီ ဆိုကတည်းက ကိုကြီး မယုယတာကို ကျိတ်ခံစားပြီး လိုအပ်လို့ စုဆောင်း ပေးထားသမျှ ဆေးတွေကို ဘာဆေးမျှ မသောက်ဘဲ ထားခဲ့၏။

မွေးဖွားတဲ့ အချိန်မှာ ကလေးမျက်နှာကို တစ်ချက်ပဲ ငုံ့ကြည့်ကာ ထိုမျက်လုံးက ပြန်မပိတ်ခဲ့ တော့ ...။

ကိုကြီးကလည်း စိတ်မကောင်းရိပ်လေး တစ်ချက်ပဲ ဖြစ်သွားပြီး ပြောသေး၏။ "ကိုယ့် အသက်ကို စတေးပြီး ရွဲ့တာ ဘယ်သူက တတ်နိုင်မှာ လဲ" တဲ့ ...။

ဒါပေမဲ့ ပတ်ဝန်းကျင် ဝေဖန်သံတချို့ ထွက်နေ၏။ သူ့ရင်ထဲမှာ လည်း စိတ်မကောင်းတာ တွေ ရှိဦးမှာ ပါ။ ဝိုင်ချို ဆုံးသွားပြီး တစ်လကျော်လေးမှာ ပဲ ကိုကြီး ရန်ကုန် ထွက်သွားခဲ့သည် ။

ညီမတွေက ကလေးကို ဝိုင်းချစ်နေကြမှန်းသိလို့ ယုံကြည်တာလား ...၊ ဒါမှ မဟုတ် မိန်းမဆုံး သွားလို့ စိတ်လေခြင်း၊ လူတွေရဲ့ ဝေဖန်တာကို စိတ်နာခြင်း ...၊ ဘာကြောင့်မှန်းမသိသည့် အမျိုးမျိုး သော အကြောင်းတရားများ ထဲက ဖြစ်နိုင်ခြေတစ်ခုနှင့် ထွက်သွားလိုက်တာ ဒီနေ့ထိ ပြန်မလာခဲ့ပေ ...။

ပြန်ခေါ်တော့ "ငါ ဝါသနာပါတာ ငါလုပ်ချင်လို့ " တဲ့ ...။ ကျောက်မျက် ရတနာတွေ ကိုင်ရတာ ဝါသနာမပါသည့်သူသည် နိုင်ငံခြားမှာ ခေတ်ပြိုင်စီးပွားရေးစနစ်တွေနဲ့ ဆော့ကစားရင်း ပျော် မွေ့နေခဲ့၏။ နေပါစေတော့လို့ ထားခဲ့ကြပြီးမှ ခုတော့ ပြန်လာမှာ ကို တွေးကြောက်နေကြပါပြီ ...။

ဒီနှစ်ထဲမှာ ရာသီဥတုဒဏ်ကြောင့် ပိုပူနေသည် လား ...။

* * *